# ပါစကားကာလ ပဥ္စမအင်္ဂါနေ့

ရှင်ယောဟန် ၁၄း ၂၇- ၃၁

ယနေ့ဖတ်ရတဲ့ကျမ်းစာမှာ ယေဇူးဘုရားရှင်က "ငြိမ်သက်ခြင်းကို သင်တို့၌ ငါထားခဲ့၏" လို့ မိန့်တော်မူပါတယ်။ သေရာမှပြန်ရှင်တော်မူတဲ့ယေဇူးဘုရားရှင်က တပည့်တော်ကြီးတွေကို အထင်အရှားပြတိုင်းမှာ "သင်တို့၌ ငြိမ်သက်ခြင်း ရှိပါစေ" လို့ နှုတ်ဆက်မေတ္တာပို့လေ့ ရှိပါတယ်။ အခု ကျနော်တို့ဟာ ရှင်ပြန်ထမြောက်တဲ့ပါစကားပွဲကာလ တစ်ဝက်ကျော်ကြာခဲ့ပြီ။ အခုထိ ငြိမ်သက်ခြင်း မရရှိကြသေးဘူးလား/ စိတ်မချမ်းမြေ့ကြသေးဘူးလား။ နားလည်ပါတယ်၊ ကျနော်တို့မှာ မိသားစုအခက်အခဲတွေ၊ တခြားပြဿနာတွေ အများကြီး ရှိကြမှာပါ။ သခင်ယေဇူးလည်း အခက်အခဲ ပြဿနာတွေရှိတာပါပဲ။ ဒါပေမဲ့ သခင်ယေဇူးက ငြိမ်သက်ခြင်းရှိတယ်။

ယေဇူးဘုရားရှင် ဆက်လက်မိန့်တော်မူတာက "ငါ၏ငြိမ်သက်ခြင်းကို သင်တို့အား ငါပေး၏။ လောကသားတို့ ပေးသကဲ့သို့ ငါပေးသည် မဟုတ်။" သခင်ယေဇူး ပေးတဲ့ငြိမ်သက်ခြင်းနဲ့ လောကက ပေးတဲ့ငြိမ်သက်ခြင်း ဘာကွာသလဲ။ လောကက ပေးတဲ့ငြိမ်သက်ခြင်းက အခက်အခဲ ပြဿနာ မရှိတာ၊ စစ်မဖြစ်တာ၊ ဝေဒနာ မရှိတာကို ခေါ်ကြတာပါ။ ဒါက အတုအယောင် ငြိမ်သက်ခြင်းပါ၊ အချိန်မရွေး ထပြီး ဖောက်ပြန်နိုင်တယ်။ ယုံလို့မရသေးဘူး။ လောကမှာက သင်ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ အခက်အခဲပြဿနာတွေကတော့ ကြုံတွေ့နေရမှာမို့ပါ။

သခင်ယေဇူးပေးတဲ့ ငြိမ်သက်ခြင်းကတော့ အခက်အခဲ ပြဿနာတွေအကြားမှာတောင် ငြိမ်သက်ခြင်းရှိနေနိုင်တယ်၊ စိတ်အေးချမ်းစွာ တည်ငြိမ်နိုင်တယ်။ သခင်ယေဇူးက ငြိမ်သက်သာယာစွာ အေးချမ်းတည်ငြိမ်နိုင်တာက သူဟာ ခမည်းတော်ဘုရားအပေါ်မှာ သစ္စာရှိနေတယ်၊ မဖောက်ပြန်ဘူး။ ဒါကြောင့် အခက်အခဲ ပြဿနာတွေအကြားမှာတောင် ငြိမ်သက်ခြင်းရှိနေနိုင်တယ်။

"ငါသည် ငါ့ခမည်းတော်ကို ချစ်သည့်အကြောင်း၊ ခမည်းတော် မှာတော်မူသည့်အတိုင်း ငါပြုလုပ်သည့်အကြောင်း လောကသားတွေက သိကြပါတယ်" လို့ မိန့်တော်မူပါတယ်။ ကျနော်တို့လည်း ယေဇူးဘုရားရှင် မိန့်မှာတော်မူတဲ့အတိုင်း ပြုလုပ်ရင် သူ့လိုပဲ ငြိမ်သက်ခြင်းရနေမှာပါ။ ကျနော်တို့ကို ခရစ်ယာန်၊ ဘုရားရဲ့သားသမီးများအဖြစ် ခေါ်တော်မူထားတဲ့အတိုင်း သစ္စာရှိရင် ယေဇူးဘုရားရှင်ရဲ့ငြိမ်သက်ခြင်းကို ခံစားရမှာပါ။

ယေဇူးဘုရားရှင်ရဲ့တရားတော်ကို ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းလို့ နာမည်တတ်ထားသလို တရားတော်ကို စိတ်နှလုံးသွင်းလိုက်နာရင် ဝမ်းမြောက်မှာသေချာပါတယ်။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။